ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု

# ဆောင်းလုလင်

ဒေါက်တာစိုးထိုက် နှင့်

# ရေနန်းသူဓာ





ဆုပြည့်စုံထွန်းစာပေ

# အခန်း (၁)

သူမ၏ ပတ်ဝန်းကျင်တစ်ခုလုံးကား စိမ်းလဲ့ညိုမှောင်၍ နေလေသည်။

သူမသည် အထက်ဖက်မိုးကောင်းကင်ဆီသို့ မျှော်၍ ကြည့်လိုက်လေသည်။ သူမအထက်မှ မမျှော်မှန်းနိုင်လောက်အောင် မြင့်မားသော အမြင့်တစ်နေရာတွင် လင်းလက်သော အကွက်ငယ်တစ်ခု တဖြည်းဖြည်း ပီပြင်ထင်ရှားလာသည်ကို မြင်နေရလေ၏ ။

ထိုအရာသည် သူမ နေထိုင်ရာ ရေပြင်အထက် များစွာဝေးသော နေရာတွင်ရှိသည့် 'နေ' 'နေ' ဆိုသော အရာတစ်ခု ဖြစ်လေသည်။

ထိုဟာသည် နေဖြစ်ကြောင်းကို သူမ၏ အစ်မများ ပြောပြထား၍ သာ သိနေရသည်။ သူမသည် နေကိုလည်းကောင်း၊ လကိုလည်းကောင်း၊ တိမ်လိပ်တိမ်တိုက်များနှင့်၊ သူမနေထိုင်ရာ ရေပြင်ထုကြီးအထက်ရှိ ရေမြေတောတောင်များ၊ လေထုနှင့် လေထဲတွင်အသက် ရှင်နေထိုင်သော သက်ရှိသတ္တဝါများကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးပါချေ။

အချို့သော သက်ရှိတို့သည် ရေပြင်နှင့်ကင်းလွတ်၍ အသက်ရှင်နေနိုင်ကြသည်ကို သူမ အံ့သြမိလေသည်။ အံ့သြသည်နှင့်အတူ ထိုထူးဆန်းသော အရာများကိုလည်း မြင်ချင်တွေ့ချင်လှပါသည်။ သို့သော် သူမအသက်က ငယ်လွန်းသေးသောကြောင့် ရေပြင်အထက်သို့ တက်ရောက်ခွင့်ကို မိဘများက ခွင့်မပြုသေးချေ။

ထုံးစံအရ သူမအသက် ၁၆ နှစ်ပြည့်မှသာ ရေပြင်အထက်သို့ တက်ခွင့်ရပေမည်။

သူမထက်အရင် အသက် ၁၆ နှစ်ပြည့်ပြီးဖြစ်သော အစ်မ ခြောက်ယောက်တို့သည် ရေပြင်အထက်သို့ အကြိမ်ကြိမ် အခေါက်ခေါက် ရောက်ခဲ့ကြပြီးဖြစ်၏ ။ အစ်မများပြောပြသော ရေပြင်ထက်မှ အံ့သြဖွယ်၊ ထူးဆန်းသော

အကြောင်းအရာများက သူမရင်ကို လှိုက်ဖိုစေခဲ့သည်။ သူမသည်လည်း ရေပြင်ထက်မှ အရာများကို မြင်လိုတွေ့လိုလှပါပြီ။ အသက် ၁၆ နှစ်ပြည့်ချိန်ကို စောင့်မျှော်နေရသော သူမအဖို့ ရင်မောစိတ်မောလှလေပြီ။

သူမအထက်သို့ မော်ကြည့်နေစဉ်တွင် နေရောင်ကြောင့် အကွက်ထင်နေသော အလင်းရောင်အဝိုင်းလေးအတွင်းသို့ ရှည်မျောမျော အရိပ်တစ်ခု ဝင်ရောက်လာကာ တဖြည်းဖြည်းချင်း ဖြတ်သန်းသွားလေသည်။

ထိုအရာသည် လူသတ္တဝါတို့ အသုံးပြုသော သင်္ဘောဆိုသည့်အရာ ဖြစ်ကြောင်း အစ်မတွေပြောထား၍ သူမ သိနေပါသည်။ သင်္ဘောဆိုသောအရာကြီးသည် သူမတို့နေထိုင်ရာ ရေပြင်ကြီးအပေါ်မှ ရုပ်တိုက်၍ သွားနိုင်သော ယာဉ်ကြီးတစ်စီးဖြစ်ကာ ထိုယာဉ်ပေါ်၌ လူသတ္တဝါများက စီးနင်းကာ တစ်နေရာမှ တစ်နေရာသို့သွားလာကြသည်တဲ့။ ဘယ်လောက်များ ထူးဆန်းလိုက်ပါသနည်း။

လူတို့သည် ရေထုမရှိသောအရပ်တွင် လေဆိုသော ဟာလာဟင်းလင်းထဲ၌ အသက်ရှင်နေနိုင်ကြသည်ဆို၏။ လူတို့နှင့်သူမတို့ ရေအောက်လူသားများဘဝသည် ဆန့်ကျင်ဖက်သဖွယ် ခြားနားကြပေသည်။ လူများသည် ရေထဲရောက်လျှင် အသက်ရှင်ရာမရဘဲ မွန်းကျပ်သေဆုံးတတ်သည်တဲ့။ သို့ ရာတွင် သူတို့သည် ထိုသို့သော ဟာလာဟင်းလင်းအရပ်မှာပင် ပျော်ရွှင်စွာ အသက်ရှင်သန်နေကြပေသည်။ ထူးဆန်းလှသော လူဆိုသည့်သတ္တဝါများကို မြင်ချင်တွေ့ချင်စမ်းလှပါသည်။

သူမသည် ရေပြင်နှင့်ကင်းလွတ်သော လေဟာနယ်မှ သက်ရှိများ၊ အရာဝတ္ထုများကို စိတ်ကူးယဉ်မြင်ယောင်ကြည့်ကာ အထက်အရပ်မြေပြင်ဆီသို့ အရောက်သွားလိုစိတ်များ တစ်နေ့တခြား ပြင်းထန်လာရလေ၏။ သို့သော် အသက် ၁၆ နှစ်မပြည့်သေးသော သူမအဖို့ မျှော်၍ မောရုံသာရှိပေသည်။ အထက်ဖက်ဆီမှရေပြင်တွင် လှိုင်းလုံးကြီးများထကြွ၍ သမုဒ္ဒရာရေများ နောက်ကျိပြီးသည့်နောက် ရာသီဥတု ပြန်လည်ကြည်လင် သာယာလာသည့်

အချိန်ရောက်မှသာ သူမ အသက် ၁၆ နှစ်ပြည့်မြောက်မည် ဖြစ်ပေသည်။

ရာသီတစ်ပတ်လည်သည့်ကာလ လွန်မြောက်အောင် သူမစောင့်ဆိုင်းရပါဦးမည်။

သူမသည် အထက်အရပ်သို့ မော်ကြည့်နေရင်းမှ နေအစက်အပြောက် အဝိုင်းစက်ကလေးအတွင်းမှ သဘော်ဆိုသောအရာလေး လွန်မြောက်သွားချိန်တွင်အကြည့်ကို အောက်ဖက်သို့ ရွှေ့လိုက်လေသည်။

သူမ၏ အနီးသို့ တရွေ့ရွေ့ ကူးခတ်လာနေသော သူမ၏ ကစားဖော် ကမ္ဘာလိပ်ကြီးကို တွေ့လိုက်ရလေသည်။ ကမ္ဘာလိပ်ကြီး ဘိုဘိုသည် သူ၏ ခြေလက်များကိုယက်ရင်း သူမရှိရာသို့ ဖြည်းလေးစွာ ကူးခတ်လာလေ၏ ။

သူမက အောက်ပိုင်းရှိနှစ်ခွဖြစ်နေသော အမြီးပိုင်းကို လှုပ်ရှားလိုက်ကာ ဘယ်ညာယိမ်းနွဲ့ရင်း ဘိုဘိုရှိရာသို့ ကူးခတ်ကာ ကြိုဆိုလိုက်သည်။

''ဟေး ...အထွေးလေး၊ ဘာတွေတွေးပြီး စိတ်ကူးယဉ်နေပြန် ပြီလဲကွယ့်''

ကမ္ဘာလိပ်ကြီးဘိုဘိုက နှုတ်ဆက်ရင်း မေးလိုက်လေ၏ ။

'အပေါ်ကိုမော့ကြည့်ပြီး လူ့ကမ္ဘာကြီးကို စိတ်ကူးယဉ်နေပြန်ပြီလား အထွေးလေး'

ဘိုဘိုက အထွေးလေးအကြောင်းကို သိပြီးဖြစ်၍ အပိုင် မေးလိုက်လေ သည်။

အထွေးလေးသည် ဘိုဘို၏ ဦးခေါင်းကြီးကို ဖက်လိုက်ရင်း - ''ဘိုဘိုကြီးက အထွေးစိတ်ကူးကို သိတတ်လိုက်တာ ...ဟုတ်တယ်၊ အထွေးလေ ဟိုးအပေါ်က သဘော်ဆိုတာကြီးကို ကြည့်ပြီး လေထဲက ကမ္ဘာကြီး ကို မြင်ချင်စိတ်ပေါက်နေတာ''

''အထွေးလေးရယ် အသက် ၁၆ နှစ်ပြည့်ချိန်ကျရင် သခင်ကြီးနဲ့ သခင်မကြီးက အထွေးလေးကို ရေပြင်အထက်တက်ခွင့်ပြုမှာပါ။ အသက် ၁၆ နှစ်ပြည့်ဖို့ တစ်နှစ်ပဲလိုတော့တာ၊ စိတ်မစောပါနဲ့ကွယ်။ ရေအောက်မှာ ဘိုဘိုကြီးနဲ့ ကစားရတာ မပျော်လို့လား''

''မဟုတ်ပါဘူး ဘိုဘိုကြီးရယ်၊ မမတို့က ရေပြင်ပေါ်တက်ခွင့်ရပြီး ခဏခဏတက်သွားကြတော့ အထွေးလေးလည်း အားကျလို့ပါ၊ သူတို့လို အပြင်လောကကို မြင်ဖူးချင်လို့ပါ''

''ကဲ ...ကဲ ... ကောင်မလေး၊ ပျင်းရင် ဘိုဘိုကြီးနဲ့ ရေအောက် ကမ္ဘာမှာ လျှောက်လည်ကြမယ်။ ဘိုဘိုကြီး ကျောပေါ်ကို တက်ပေတော့။ ဘယ်ကိုသွားချင်သလဲ''

အထွေးလေးသည် ကမ္ဘာလိပ်ကြီး၏ ကျောပေါ်ရောက်သည်ထိ ကူးခတ်သွားကာ ... ကျောပေါ်တက်ထိုင်ပြီး လိပ်ကြီး၏ လည်ပင်းကို ဖက်ထားလိုက်သည်။ အထွေးလေး၏ ရေယက်အမြီးဖျားသည်လည်း အလိုက်သင့် ယိမ်းနွဲ့ကာ ကူးခတ်နေပေ၏ ။

အထွေးလေးက မိုးပေါ်မှကျလာသော နေရောင်ခြည်အစက်ပျောက် လေးရှိရာသို့ လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

''နေရောင်ခြည်အောက်မှာ သွားကစားရအောင် ဘိုဘို''

ဘိုဘိုသည် ရေပြင်အထက်မှထိုးဆင်း၍ စွေကျလာသော အလင်းရောင်တန်းရှိရာသို့ လက်များကိုယက်ကာ ကူးခတ်သွားလိုက်လေသည်။

နေခြည်အလင်းတန်းလေးသည် ဝေးလံသောသမုဒ္ဒရာ ရေပြင်အထက်မှ ထိုးဆင်းလာရာ သမုဒ္ဒရာကြမ်းပြင်အရောက်တွင် မှိန်ဖျော့ဖျော့ အရောင်သာ ရှိတော့လေ၏ ။

ရေသူမလေးအထွေးသည် နေရောင်ခြည်အောက်တွင် နေရောင်ကို လက်ဖြင့် ဖမ်းယူကြည့်လိုက်သည်။ သူမလက်ထဲသို့ အလင်းရောင်တန်းသည် ပါမလာပါချေ။ ထိုနေခြည်သည် ရေပြင်အထက်ဆီ၌ အလွန်ပူလောင်ကြောင်း ကို အစ်မများက ပြောပြဖူးပေသည်။ အစ်မများသည် နေရောင်ခြည်ပူပြင်း လွန်းသော ရာသီ၌ ရေပြင်အထက်တက်သည့်အခါ ပခုံးပြင်နှင့် ကျောပြင်များကို ရွှံ့များ လိမ်းကျံသွားရလေသည်။ တခါတရံ စိမ်းမှောင်သော ရေညှိများကို ပခုံးပေါ်၌ တင်သွားရလေသည်။ သို့မှသာ နေရောင်ခြည်၏ အပူဒဏ်ကို ကာ ကွယ်နိုင်ကြသည်တဲ့။

အထွေးလေးကတော့ ရေပြင်ထုထည်ကြီးတစ်ခုလုံးကို ဖြတ်သန်းလာ၍ အပူဓာတ်မရှိတော့ဘဲ အလင်းဓာတ်ဖျော့ဖျော့သာ ကျန်ရှိတော့သည့် နေခြည်နုနု လေးအောက်တွင် ဝေ့ကာဝိုက်ကာ ကစားပျော်မြူးနေလေသည်။ အထွေးလေး၏ ရှည်လျားလှသောဆံပင်များသည် ရေစီးရာဖက်သို့ မျောပါကာ တလွန့်လွန့်နှင့် ယိမ်းနွဲ့လှုပ်ရှားနေပေ၏ ။

''အထွေးလေးက နေရောင်အောက်မှာ သိပ်လှတာပဲ။ အထွေးလေးရဲ့ အကြေးခွံတွေပေါ် နေရောင်ကျနေတော့ အကြေးခွံလေးတွေ ပြောင်လက်နေ တာ သိပ်ကြည့်လို့ ကောင်းတာပဲကွယ်''

ဘိုဘို ပြောသလိုပင်၊ ရေပြင်ပေါ်မှကျလာသော နေရောင်ခြည် အလင်း တန်းလေးသည် အထွေးလေးအလှကို ပေါ်လွင်စေရန် မီးမောင်းထိုးပြသလို ရှိနေပေ၏ ။ အထွေးလေးက နေရောင်အောက်တွင် ဟိုသည် ဝေ့ဝိုက်ကူးခတ်ကာ အတန်ကြာ ကစားပျော်မြူးနေလိုက်သည်။

''ဟေး ... အထွေးလေး၊ ဟိုဖက်လှိုဏ်ကြီးထဲမှာနေတဲ့ ရွှေငါးမကြီးဟာ ဒီနေ့ပဲ အကောင်ပေါက်လေးတွေပေါက်ပြီကွယ့်။ သိပ်လှတာပဲ၊ တို့ သွားကြည့် ကြမလား''

''အင်း ...သွားကြမယ်လေ၊ ရွှေငါးမကြီးဆီက အကောင်လေး သုံးကောင်လောက် တောင်းဦးမှပဲ၊ အိမ်မှာအလှမွေးထားဖို့လေ''

''ဒီလိုဆို သွားကြစို့''

အထွေးလေးက ဘိုဘိုကြီးကိုယ်လုံးပေါ်သို့ မှောက်ရက်လှဲချလိုက်ကာ ဘိုဘိုကြီးခေါ်ဆောင်သည့်အတိုင်း လိုက်ပါရန် အသင့်ပြင်လိုက်သည်။

''ဟေး ... အထွေးလေး၊ ဒါဘယ်ကိုသွားမလို့လဲ''

အထွေးလေးတို့ မိသားစုနေထိုင်သည့် ဂူဗိမာန်အဝမှ မိခင်ဖြစ်သူ ရေသူမကြီး ပေါ်ထွက်လာကာ လှမ်းအော်၍ မေးလိုက်ခြင်း ဖြစ်သည်။

''ဟိုဖက်လှိုဏ်တောထဲက ရွှေငါးမကြီး အကောင်ပေါက်လို့တဲ့။ ရွှေငါး အကောင်ပေါက်လေးတွေကို ဘိုဘိုကြီးက လိုက်ပြမလို့ပါ မေမေ''

''အို ... အဝေးကြီးကို ဘာလို့သွားချင်ရတာ လဲ။ ဘိုဘိုကြီးဟာ ကလေးကို သိပ်အလိုလိုက်တာပဲကိုး''

''ရွှေငါးလေးတွေကိုပြချင်လို့ပါ သခင်မကြီး၊ မိုးမချုပ်ခင် ကျွန်တော် တို့ ပြန်လာပါ့မယ်''

''နယ်ကျွံပြီး အဏ္ဏဝါစုန်းမကြီးနေတဲ့တောထဲကို ရောက်သွားပါဦးမယ်။ သွားရင် ဟောဒီဖက်လမ်းက သွား၊ မြန်မြန်ပြန်ခဲ့နော်''

''ဟုတ်ကဲ့ပါ မေမေ''

*

ဘိုဘိုကြီးက မေမေရေသူမကြီး ညွှန်လိုက်သောလမ်းမှ အထွေးလေးကို ခေါ်သွားလေသည်။ အထွေးလေးသည် နွေးကွေးလှသော

ဘိုဘိုကြီးကိုယ်ပေါ်တွင်ထိုင်ရင်း ပို၍ မြန်စေရန် သူမ၏ ရေယက်အမြီးဖျားကို တဖျတ်ဖျတ်ခတ်ပေးရင်း လိုက်ပါလာခဲ့သည်။

ပတ်ဝန်းကျင်တစ်ခုလုံးသည် ရေပြင်အထက်မှကျလာသော နေရောင်ခြည်အောက်၌ စိမ်းလဲ့၍ နေလေသည်။ ရေအောက်ပန်းပင်ကလေးများသည် လမ်းတစ်လျှောက်တွင် စိမ်းလန်းစွာပွင့်နေလေ၏ ။ ရေညှိပင်စိမ်းစိမ်းနုနုလေးများသည် ရေထုထဲတွင် အထက်ဖက်သို့ တလွန့်လွန့်တက်ကာ ယိမ်းကနေသယောင် ထင်ရလေသည်။

ရွှေငါးမကြီး နေထိုင်သည့် လှိုဏ်ဖက်သို့သွားသော လမ်းကလေးသည် သာတောင့်သာယာရှိလှပေ၏ ။ အထွေးလေးတို့ ညီအစ်မများငယ်စဉ်က ဤနေရာလေးသို့ပင် လာ၍ ဆော့ကစားကြပါ၏ ။

အထွေးလေးတို့ ရေအောက်ကမ္ဘာတွင် မိမိတို့မျိုးတူရာ သတ္တဝါများ အချင်းချင်းစုစည်း၍ တစ်နေရာစီ နေရာသတ်မှတ်ကာ နေထိုင်ကြပါသည်။

အထွေးလေးတို့ မိသားစုသည် ရေအောက်ကမ္ဘာတွင် အဆင့်အမြင့်ဆုံးဖြစ်သော ရေလူသားများဖြစ်ကြလေသည်။ ဤနေရာမှ မိုင်ပေါင်းတစ်ရာအတွင်းတွင် အထွေးလေးတို့လို ရေလူသားမိသားစုဆို၍ အထွေးလေးတို့ တစ်မိသားစုထဲသာ ရှိပါသည်။ အထွေးလေးတို့မိသားစုတွင် ရေလူသားကြီးဖေဖေ၊ ရေသူမကြီးမေမေနှင့် အထွေးလေးတို့ရေသူမ ညီအစ်မ ၇ ဖော်တို့ ရှိကြပါသည်။ အထွေးလေးတို့မွေးချင်းထဲတွင် အထီးရေလူသား မပါဝင်ချေ။

ဤနေရာမှ မိုင်ပေါင်းတစ်ရာခန့်ဝေးသော အရပ်တွင် ရေလူသားမိသားစု တစ်စုရှိပေသည်။ ထိုမိသားစု၌ ရေလူသား အထီးလေးသုံးကောင်ပါရှိရာ သူတို့ အသက်အရွယ်များမှာ အထွေးလေးတို့ညီအစ်မများနှင့် မကွာခြားလှပေ။

အထွေးလေး၏ အစ်မများသည် ထိုမိသားစုမှ ရေလူသား အထီးလေး

သုံးကောင်နှင့် တစ်ချိန်တွင် လက်ဆက်ထိမ်းမြားရမည် ဖြစ်ပေ၏ ။ ရေလူသား မျိုးဆက် မတိမ်ကောစေရန် နှစ်ဖက်မိဘများစီစဉ်သော အစီအစဉ်ပင်ဖြစ်သည်။

ရေလူသားလေး သုံးကောင်သည် အထွေးလေး၏ အစ်မများထံသို့ မကြာခဏ လာရောက်လည်ပတ်ကြပေ၏ ။ ရေလူသားညီအစ်ကို တစ်ယောက်လျှင် အထွေး လေး၏ အစ်မနှစ်ယောက်စီနှင့် သမီးရည်းစားဖြစ်ကာ ချစ်ကြိုက်နေကြပြီ ဖြစ်ပါ သည်။ မျိုးတူရေလူသား ရှားပါးလှ၍ အထွေးလေး၏ အစ်မများသည် နှစ်ယောက် ပေါင်းမှ လင်တစ်ယောက်ယူရမည့် ကိန်းဆိုက်နေပေ၏ ။ အထွေးလေးကတော့ ငယ်လွန်းသေးသောကြောင့် ရေလူသားညီအစ်ကိုသုံးယောက်က ကလေးတစ် ယောက်လိုသာ သဘောထားကြပေသည်။ ဤပုံအတိုင်းဆိုပါက အထွေးလေး အရွယ်ရောက်လာလျှင် လက်ဆက်ထိမ်းမြားရမည့် မျိုးတူသတ္တဝါမရှိတော့ပါပေ။ အထွေးလေးသည် အပျိုကြီးဘဝဖြင့် တူ၊ တူမများကို ထိန်းကျောင်းရင်း အချိန်ကုန်လွန်ရပေတော့မည်။

အထွေးလေးတို့နေသော ရေအောက်လူ့ရွာကလေးသည် စိမ်းလန်း သောတောအုပ်ကလေးအလယ်၌ ရှိပေသည်။ အထွေးလေးတို့သည် အဆင့်အမြင့်ဆုံးသတ္တဝါများ ဖြစ်သည့်အားလျော်စွာ အထွေးလေးဖခင် ရေလူသားကြီးသည် ဤအရပ်တွင် လူကြီးအဖြစ် အုပ်ချုပ်ရလေ၏ ။

အထွေးလေးတို့မိသားစုသည် ရေအောက်ကြမ်းပြင်မှ မြင့်မားစွာ ထိုးထွက်နေသော တောင်ထွတ်ကြီးတစ်ခုအလယ်တွင် နေထိုင်ကြပါသည်။ တောင်ထွတ်ကြီးအတွင်း သဘာဝ အပေါက် ဖြစ်ပေါ်နေသော လိုဏ်ဂူကြီးအတွင်း၌ နေထိုင်ကြခြင်း ဖြစ်ပါသည်။

အခြားသောရေအောက်သတ္တဝါများသည်လည်း မျိုးတူရာ စုစည်း၍ သူ့အစုနှင့်သူ ရေအောက်မှ တောင်ကမ်းပါးယံများ၊ လှိုဏ်မြောင်းများ၊ ရေညှိရေမှော်များ၊ သစ်ပင်တောအုပ်များကြားတွင် မိမိသဘောသဘာဝ နှင့် လိုက်လျော

ညီထွေရှိသည့်အတိုင်း နေထိုင်ကြပေသည်။

အထွေးလေးတို့ ယခုသွားရောက်နေသည့် ရွှေငါးမကြီး နေထိုင်သည့် ရေမှော်တော်တွင် အကြီးစားရွှေငါးကြီးများ ရှာတည်၍ နေထိုင်ကြပေသည်။ အခြားနေရာများတွင်လည်း ရေသတ္တဝါအကြီးစားများ သူ့အုပ်စုနှင့်သူ အုပ်စုဖွဲ့၍ နေကြပေသည်။

အုပ်စုမဖွဲ့ဘဲ တစ်ကောင်တည်း၊ တစ်ကိုယ်တော် နေထိုင်နေသူဆို၍ အဏ္ဏဝါစုန်းမကြီး အဏ္ဏဝါစုန်းမကြီး တစ်ကောင်သာ ရှိလေသည်။ အထွေးလေးသည် အဏ္ဏဝါ စုန်းမကြီးအကြောင်းကို ကြားသာကြားဖူးပြီး တစ်ခါမှ မမြင်ဖူးပါချေ။ အဏ္ဏဝါ စုန်းမကြီးသည် ရေအောက်ကမ္ဘာတစ်ခုလုံးတွင် တစ်ဦးထဲသော မှော်ပဥ္စလက် ပညာရှင်မကြီးဖြစ်၏ ။ အဏ္ဏဝါစုန်းမကြီးသည် သူမ၏ အတတ်ပညာများကို မကောင်းမှုဒုစရိုက်လုပ်ငန်းများတွင်သာ အသုံးချခဲ့လေသည်။ ရေနတ်သမီးသည် အဏ္ဏဝါစုန်းမကြီးအား အပြစ်ပေးသည့်အနေဖြင့် အများတကာအား ဒုက္ခ မပေး နိုင်စေရန် နေရာမှ မရွေ့လျားနိုင်အောင် ဒဏ်ခတ်ထားပေသည်။

ရေနတ်သမီး၏ ဒဏ်ခတ်မှုကြောင့် အဏ္ဏဝါစုန်းမကြီး၏ ခြေထောက်များသည် မြေမှဆွဲနှုတ်၍ မရတော့ဘဲ တစ်နေရာထဲ၌ သစ်ပင် သစ်မြစ်သဖွယ် အသေစွဲ၍ နေပေတော့သည်။ အဏ္ဏဝါစုန်းမကြီးသည် ထိုအချိန်မှစ၍ အလွန် တရာ နက်ရှိုင်း၍ မှောင်ပိန်းသော ချောက်ကမ်းပါးကြီးထဲ၌ တစ်ကိုယ်ထဲ နေ ထိုင်နေရပေတော့သည်။

ရေနတ်သမီးသည် အဏ္ဏဝါစုန်းမကြီးအား နေရာမှမရွေ့နိုင်အောင်သာ ဒဏ်ခတ်နိုင်ခဲ့ပြီး စုန်းမကြီး၏ ပညာများ ပျက်စီးမေ့ပျောက်အောင် သွားအောင် တော့ မတတ်နိုင်ခဲ့ပါပေ။ စုန်းမကြီးကား နေရာမှမရွေ့နိုင်သော်လည်း သူမ၏ စုန်းအတတ် မှော်အတတ်များကိုတော့ အသုံးချဆဲပင်ရှိလေသည်။

စုန်းမကြီးသည် နေရာမှ မရွေ့လျားနိုင်သော်လည်း သူမ၏ စားရေးသောက်ရေးအတွက်ကား ပူစရာမလိုပါတဲ့။ စုန်းမကြီး၏ ဆံပင်များသည် မြွေများဖြစ်နေပြီး ဆံပင်တစ်မျှင်သည် မြွေတစ်ကောင်ဖြစ်ပေသည်။ နံနက်လင်းလျှင် စုန်းမကြီးသည် သူမ၏ ဦးခေါင်းထက်မှ များပြားလှသော မြွေဆံပင်များထဲက ဆံပင် ၇ ပင်ဖြစ်သော မြွေ ၇ ကောင်ကို အလှည့်ကျရွေးနှုတ်ကာ သူမ စား သောက်ရန် အစားအသောက်များကို ရှာဖွေခိုင်းလိုက်သည်။ မြွေ ၇ ကောင်က ငါးများ၊ ရေသတ္တဝါများကို ဖမ်းဆီးကာ အဏ္ဏဝါစုန်းမကြီးထံသို့ ယူဆောင်လာ ကြလေသည်။ အဏ္ဏဝါစုန်းမကြီးက မြွေများကို ဦးခေါင်းထက်၌ ဆံပင်အဖြစ် ပြန်စိုက်ကာ မြွေများ ရှာဖွေခဲ့သော အစားအသောက်များကို စားသောက်လေ၏ ။

အဏ္ဏဝါစုန်းမကြီးသည် မည်သည့်အခါမှ မသေနိုင်၊ ကမ္ဘာတည်သ၍ အသက်ရှင်နေမည်ဟု ဆိုလေသည်။ ရေနတ်သမီးလည်း အဏ္ဏဝါစုန်းမကြီးအား နေရာမှမရွေ့အောင်သာ ဒဏ်ခတ်နိုင်သည်။ စုန်းမကြီး၏ မကောင်းသော ပညာများကိုတော့ မဟန့်တားနိုင်ပေ။

အထွေးလေးသည် ငယ်စဉ်ကတည်းက အဏ္ဏဝါစုန်းမကြီး အကြောင်းများကို ကြားဖူးခဲ့ပေ၏ ။ စုန်းမကြီးကိုတော့ မမြင်ဖူးခဲ့ပါပေ။ စုန်းမကြီးကို မည်သူမှလည်း မမြင်ဖူးပါချေ။ စုန်းမကြီး ဒဏ်ခတ်ခံရသည်မှာ နှစ်ပေါင်း တစ်ရာကျော်ပြီဖြစ်ရာ လက်ရှိအသက်ရှင်သန်နေကြသော မည်သည့်သတ္တဝါမှ အဏ္ဏဝါစုန်းမကြီးကို မမြင်ဖူးပါချေ။

အသက် ၂၀၀ ကျော်ပြီဖြစ်သော ဘိုဘိုကြီးကမူ အဏ္ဏဝါစုန်းမကြီးကို ငယ်စဉ်က တစ်ကြိမ်မြင်ခဲ့ဖူးသည်ဟု ဆိုလေသည်။ ဘိုဘိုကြီးသည် အထွေးလေး တို့ ရေလူသားမိသားစု အစဉ်အဆက်အား အထိန်းတော်ကြီးအဖြစ် အလုပ် အကျွေးပြုခဲ့သော ဘိုးသက်ရှည်ကမ္ဘာလိပ်ကြီး ဖြစ်ပေသည်။ ဘိုဘိုကြီးတို့ ကမ္ဘာလိပ်မျိုးများသည် အနှစ် ၂၀၀ ကျော်အထိ သက်တမ်းရှည်ကြပေသည်။ ဘိုဘိုကြီးသည် အထွေးလေး၏ အဘိုး ငယ်စဉ်ကတည်းကပင် အဘိုးကို ထိန်း

ကျောင်းခဲ့ဖူးသော အထိန်းတော်ကြီးဖြစ်ပေ၏ ။

ဘိုဘိုကြီးသည် အထွေးလေးတို့မိသားစု အစဉ်အဆက်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းခဲ့သော ငယ်မွေးခြံပေါက် ငယ်ကျွန်ကြီး ဖြစ်ပေ၏ ။ ဘိုဘိုကြီး ၏ ဇနီးဖြစ်သော ကမ္ဘာလိပ်မကြီးမှာ မနှစ်ဒီလိုအချိန်တွင် ကွယ်လွန်ခဲ့လေသည်။ တကယ်တော့ ဘိုဘိုကြီးသည် သက်တမ်းကုန်လုနီးနေသော လိပ်အိုကြီးတစ်ကောင်သာ ဖြစ်လေ၏ ။

အထွေးလေးတို့ ညီအစ်မများကို ငယ်စဉ်ကတည်းက ထိန်းကျောင်း ကာ အတူဆော့ကစားခဲ့သော ဘိုဘိုကြီး၊ ခုတော့ အကြီးဖြစ်သော ရေသူမခြောက်ယောက်တို့မှာ အရွယ်ရောက်ပြီဖြစ်၍ ထိန်းကျောင်းစရာ မလိုတော့ပေ။

အစ်မများသည် သူတို့၏ ကြင်ဖော်များနှင့်ချိန်းတွေ့ကာ ရေပြင်ပေါ်တက်၍ ပျော်မြူးခွင့်ရသော အရွယ်တွေ ဖြစ်ကုန်ကြပြီ။ ဘိုဘိုကြီးအတွက် ထိန်းကျောင်း စရာ အထွေးလေးတစ်ယောက်သာ ရှိတော့သလို အထွေးလေးအတွက် အဖော် သည်လည်း ဘိုဘိုကြီးတစ်ကောင်သာ ရှိလေသည်။

*

## အခန်း (၂)

ရွှေငါးမကြီး နေထိုင်ရာသို့ ရောက်သည့်အခါ ရွှေငါးပေါက်ကလေး များနှင့် အလုပ်ရှုပ်နေသည့် ရွှေငါးမကြီးကို တွေ့ရလေ၏ ။ ရွှေငါးပေါက်ကလေး များသည် ရွှေငါးမကြီးပတ်လည်တွင် ဝိုင်းရံ၍ ကူးခတ်နေကြလေ၏ ။

''ရွှေရွှေ ... နေကောင်းရဲ့လား''

အထွေးလေးက လိပ်ကြီး၏ ကျောပေါ်မှဆင်းကာ ရွှေငါးမကြီးကို နှုတ်ဆက်လိုက်သည်။

''အထွေးလေးပါလား၊ အထွေးလေးတို့များ တစ်နေ့တခြား လှနေတာပဲဟေ့။ အစ်မတွေထက်တောင် လှသေးတယ်''

''ရွှေရွှေ ... ကလေးလေးတွေ အများကြီး မွေးတယ်ဆို၊ ဟုတ်ပါရဲ့၊ တကယ်အများကြီးပါလား၊ ဘယ်နှကောင်တောင်ရှိသလဲ ဟင်''

''ရွှေရွှေ ရေကြည့်တာတော့ အကောင်တစ်ထောင်ကျော်တယ်ကွယ့်။ တိတိကျကျတော့ ရေလို့မရပါဘူးကွယ်။ ကလေးတွေက လှုပ်ရှားကူးခတ်နေ တော့ ရေရင်းကနေ တစ်ကောင်နဲ့တစ်ကောင် ရောကုန်တယ်။ သူတို့က ရုပ်ချင်း ကလည်း ဆင်တူဆိုတော့ကာ မရေနိုင်တော့ဘူးလေ''

''ကလေးတွေ ဒါလောက်များနေတာ၊ အထွေးလေးကို သုံးကောင်လောက် မျှပါလား ရွှေရွှေ''

''အို ... ဘာလုပ်ဖို့လဲကွယ့်''

''အိမ်မှာ အလှမွေးထားချင်လို့ပါ၊ ရွှေရွှေ့သားသမီးတွေက အချောအလှလေးတွေချည်းပဲ။ ချစ်စရာကောင်းလွန်းလို့ပါ''

''မလုပ်ပါနဲ့ အထွေးလေးရယ်၊ ရွှေရွှေ သူတို့ကိုချစ်လို့ မဝသေးပါဘူး။ အထွေးလေး လိုချင်ရင် သူတို့နည်းနည်းကြီးလာမှ ပေးပါရစေကွယ်။ ခုတော့

မယူချင်ပါနဲ့ဦး''

''ဟင်း ... ရွှေရွှေကလည်း ...''

အထွေးလေးသည် ရွှေငါးလေးများကို တစ်ကောင်ချင်း ချီပွေ့ကာ အတန်ကြာ ကစားနေသေး၏။ ငါးကလေးများကိုမူ သူတို့အမေ ရွှေငါးမကြီးက မပေး၍ ယူမလာခဲ့ရချေ။

''အထွေးလေးရေ ... မိုးချုပ်တော့မယ်၊ ပြန်ကြစို့''

ဘိုဘိုကြီးက သတိပေးလိုက်၍ ရွှေငါးမကြီးကို နှုတ်ဆက်၍ ပြန်ခဲ့ကြလေသည်။

အပြန်တွင် ဘိုဘို့ကျောပေါ်တက်မစီးတော့ဘဲ အထွေးလေးဖာသာ ရေ့မှကူးခတ်၍ ပြန်လာခဲ့လေ၏ ။

လမ်းတစ်လျှောက်တွင် တစ်နေ့လုံး အစာရှာထွက်ရာမှ ပြန်လာသော အိပ်တန်းပြန်ရေသတ္တဝါမျိုးစုံကို တွေ့ရလေသည်။ ရေဘဝဲများ၊ ဂဏန်းများ၊ လိပ်များ၊ ငါးမျိုးစုံတို့သည် မိမိတို့ နေထိုင်ရာ အသိုက်အမြုံများဆီသို့ ပြန်လာကြရာ လမ်းတစ်လျှောက်လုံး ရှုပ်ယှက်ခတ်နေပေ၏ ။

''ရွှေရွှေကလည်း သိပ်နှမြောတတ်တာပဲနော်။ သူ့မှာ ကလေးတွေ အများကြီးရနေတာကို အထွေးလေးကို တစ်ကောင်လောက် မပေးချင်ဘူး''

''မိခင်မေတ္တာကိုး အထွေးလေးရဲ့၊ အထွေးလေးရဲ့မိဘတွေကလည်း အထွေးလေးကို တခြားသူကို မပေးရက်သလိုပေါ့''

''အထွေးလေးတို့က နည်းနည်းလေးရှိတာကိုး။ ရွှေရွှေ့မှာက သားသမီးတွေ ထောင်နဲ့ချီရှိတာဆိုတော့ ပေးသင့်တာပေါ့''

''ဒါတွေကို အထွေးလေး နားမလည်သေးပါဘူးကွယ်။ မိခင်မေတ္တာဆိုတာ သားသမီးဘယ်လောက်များများ လျော့နည်းတယ်လို့မရှိဘူးကွယ့်''

''ဟုတ်လား ဘိုဘိုကြီး၊ ဘိုဘိုကြီးမှာရော သားသမီးတွေ မရှိခဲ့ဘူး လားဟင်''

''ဘိုဘိုကြီးမှာ သားသမီးတွေရှိတာပေါ့ အထွေးလေးရယ်။ ဒါပေမယ့် ဘိုဘိုကြီးတို့ လိပ်တွေရဲ့သဘာဝ အရ သားသမီးလေးတွေကို ထွေးပွေ့ယုယခွင့် မရခဲ့ဘူးကွယ့်။ ရွှေငါးမကြီးဟာ သူ့သားသမီးတွေကို အရွယ်မရောက်ခင်အထိ စောင့်ရှောက်ခွင့်ရတာ ဟာ ကံထူးပေလို့ပဲ''''ဘိုဘိုကြီးတို့က သားသမီးတွေကို ဘာလို့စောင့်ရှောက်ခွင့်မရတာ လဲဟင်''

''တို့လိပ်မျိုးတွေဟာ သားသမီးကို ဥကနေတစ်ဆင့် ပေါက်ပွားကြ တယ်။ ဥအုချိန်ရောက်တဲ့အခါ လိပ်မတွေဟာ ဥတွေကို သောင်ပြင်က သဲတော ထဲမှာ သွားပြီးဥချရတယ်ကွယ့်။ ဒါဟာ လိပ်မတွေအတွက် ကိုယ့်သားသမီးနဲ့ ပတ်သက်ပြီး လက်တွေ့လုပ်ပေးနိုင်တဲ့ နောက်ဆုံးလုပ်ရပ်ပဲ။ ဥတွေကို အုချ ပြီးတဲ့နောက် အကောင်ပေါက်တဲ့အထိ ကိုယ့်သားသမီးကို မြင်ခွင့်တွေ့ခွင့် မရ တော့ဘူးလေ''

''အို … ဘာဖြစ်လို့လဲ''

''လိပ်မတွေဟာ သူ့ရဲ့ဥတွေ ကောင်းကောင်းပေါက်စေဖို့ မေတ္တာပို့ ပေးနေရတယ်ကွယ့်။ မိခင်ရဲ့မေတ္တာပို့ပေးမှုကြောင့် ဥတွေဟာ ကောင်းကောင်း အကောင်ပေါက်လာကြတာပေါ့။ အကယ်၍ များ မိခင်လိပ်မကြီးဟာ ဥတွေ ပေါက်ချိန်မရောက်ခင် အကြောင်းတစ်စုံတစ်ခုကြောင့် သေဆုံးသွားခဲ့ရင် သား သမီးလေးတွေကို ေ တ္တာမပို့နိုင်လို့ ဥတွေဟာ အကောင်ပေါက်ခွင့်မရှိကြတော့ဘူး''

''အို … သနားစရာကောင်းလိုက်တာ''

''လိပ်ကလေးတွေ ပေါက်ဖွားဖို့အတွက် မိခင်လိပ်မကြီးရဲ့ မေတ္တာဓာတ် ဟာ အရေးကြီးဆုံးပေါ့ကွယ်။ ဒါပေမယ့် လိပ် အကောင်လေးတွေ ပေါက်လာရင် တော့ လိပ်ကလေးတွေဟာ သူ့ဝမ်းသူကျောင်းဖို့ ဝပ်ကျင်းထဲက ထွက်ခွာသွားပြီ မို့ မိခင်လိပ်မကြီးဟာ သူ့သားသမီးတွေကို တွေ့ခွင့်မရတော့ဘူးပေါ့''

''ဟင်... ဒါဖြင့် ကိုယ်မွေးခဲ့တဲ့သားသမီးကို လိပ်တွေဟာ မမြင်ဖူးကြဘူးပေါ့နော် ဘိုဘိုကြီး''

''ဒါပေါ့ကွယ်၊ ရွှေငါးမကြီးဟာ သိပ်များလှတဲ့ သူ့သားသမီးတွေကို သူကိုယ်တိုင် စောင့်ရှောက်ခွင့်ရတာ မိခင်တစ်ယောက်အနေနဲ့ သိပ်ကုသိုလ်ထူးတာပေါ့ အထွေးလေး''

ဘိုဘိုကြီးပြောပြ၍ ရွှေငါးမကြီးကို စိတ်မဆိုးရက်တော့ပေ။

''ဒါဖြင့် ဘိုဘိုကြီးမှာလည်း သားသမီးတွေရှိတာပေါ့နော်။ သူတို့ကို ဘိုဘိုကြီး မတွေ့ချင်ဘူးလားဟင်''

''တွေ့ချင်တာပေါ့ကွယ်။ ဘိုဘိုကြီးတို့ လိပ်မျိုးတွေရဲ့သဘာဝ ကိုယ်က သားသမီးကို တွေ့ခွင့်မရတော့လည်း ဘယ်တတ်နိုင်တော့မလဲ အထွေးလေးရယ်''

''အို ... ဘိုဘိုကြီးကို သနားလိုက်တာ''

အထွေးလေးသည် အရင်က သည်အကြောင်းများကို မသိခဲ့ချေ၊ ဘိုဘိုကြီး ပြောပြမှ သတ္တဝါတိုင်း၏ မိဘမေတ္တာကို နားလည်လာရလေသည်။

''အထွေးလေး ပြောမှ ဘိုဘိုကြီးလည်း ကလေးတွေအမေ လိပ်မကြီး နိုနိုကို လွမ်းလာပြီ။ လိပ်မကြီးရဲ့သချႋုင်းဂူကို ဝင်ကြည့်ဦးမှပါပဲ''

''ဟုတ်တယ် ဘိုဘိုကြီး၊ အထွေးလေးလည်း ကြည့်ချင်တယ်။ ခုဆို နိုနိုကြီးဟာ ဘယ်လိုအနေအထားမျိုး ဖြစ်နေမလဲ မသိဘူး။ ဝင်ကြည့်ကြရအောင်လေ''

လိပ်မကြီးနိုနို၏ အသုဘရုပ်အလောင်းကို ဘိုဘိုကြီးက ရေညှိပင်များအောက်တွင် သိမ်းထားခဲ့ပါသည်။ ယခုအခါတွင် နိုနိုကြီး ကွယ်လွန်ခဲ့သည်မှာ တစ်နှစ်ကျော်ကြာပြီမို့ ရှိမှရှိသေးရဲ့လား မသိပေ။

အထွေးလေးနှင့် ဘိုဘိုသည် နိုနိုကြီး အလောင်းထားသည့် နေရာသို့

ထွက်လာခဲ့ကြ၏ ။

ရောက်သည့်အခါ ဘိုဘိုကြီးက သူ့လက်များနှင့်ယက်၍ ရေညှိပင် များကို ဖယ်ရှားပစ်လိုက်လေသည်။

''အို''

မြင်ရသောမြင်ကွင်းကြောင့် အထွေးလေး ရင်စို့သွားရလေသည်။ နိုနို ကြီးမှာလည်း ဘိုဘိုကြီးနှင့်အတူ သူတို့ညီအစ်မများကို ထိန်းကျောင်းခဲ့သူမို့ အထွေးလေးက သံယောဇဉ်ရှိလှပါသည်။

နိုနိုကြီး၏ အလောင်းကို ကြည့်လိုက်သည့်အခါ ရုပ်အလောင်းဖြစ်သည့် အသားများကို မတွေ့ရတော့ဘဲ လိပ်ခွံကြီးသက်သက်ကိုသာ မြင်တွေ့ရပါတော့ ၏ ။

''အင်း ... အချိန်တွေ ကြာလာတော့လည်း ပျက်စီးယိုယွင်းသွားပြီ ပေ့ါ။ ရေသတ္တဝါလေးတွေ ကိုက်ဖဲ့စားတာလည်း ဖြစ်မယ်။ အသက်တောင် သေရသေးတာပဲကွယ်။ ဘယ်တတ်နိုင်မလဲ။ ကဲ ...ကဲ ... မိုးချုပ်နေမယ်၊ ပြန်ကြပါစို့ကွယ်''

အပြန်လမ်းတွင် ဘိုဘိုကြီးရော၊ အထွေးလေးပါ စကား မဆိုမိကြတော့ ဘဲ တိတ်ဆိတ်နေကြလေသည်။

အထွေးလေးတို့မိသားစုနေထိုင်သည့် တောင်ထွတ်ကြီးအနီးသို့ ရောက် သည့်အခါ မှောင်ရီသန်းစပင်ဖြစ်နေပေပြီ။

အထက်အဝေးဆီမှ အစက်အပြောက်ကလေး ၆ စက်သည် ရေနက် ပိုင်းသို့ တဖြည်းဖြည်း နိမ့်ဆင်းလာသည်ကို တွေ့နေရ၏ ။ အထွေးလေး၏ အစ်မတော် ၆ ယောက်တို့ အိမ်ပြန်လာကြခြင်း ဖြစ်ပါသည်။

အစ်မများနှင့် အထွေးလေးတို့ ဂူပေါက်ဝတွင် ဆုံမိကြလေသည်။ အစ်မများသည် သူတို့အတွေ့အကြုံများကို ပြန်ပြောရင်း စကားတွေ ဖောင်နေ ကြ၏

။

ရေသူမညီအစ်မခုနစ်ဖော်သည် ဂူပေါက်ဝမှတစ်ဆင့် လိုဏ်ဂူကြီး အတွင်းထဲသို့ ဝင်ခဲ့ကြလေသည်။လိုဏ်ဂူကြီးသည် သဘာဝ အတိုင်း ဖြစ်ပေါ်နေသော လိုဏ်ခေါင်းကြီး တစ်ခု ဖြစ်သော်လည်း အထွေးလေးတို့မိသားစုအတွက် သီးသန့်တည်ဆောက် ပေးထားသည့်သဖွယ် နေထိုင်ရန်အဆင်ပြေစွာ တည်ရှိနေပေ၏။

ဖေဖေနှင့်မေမေ အိမ်ထောင်ကျပြီးနောက် ရေသူထီးနှင့်ရေသူမစုံတွဲတို့ အိုးအိမ်သစ်ရှာကြရာမှ ဤလိုဏ်ဂူကြီးကို ရှာဖွေတွေ့ခဲ့ကြခြင်းဖြစ်ပါသည်။ စင်စစ် မိခင်ဖခင်တို့ ကိုယ်တိုင် ရှာတွေ့သည်ထက် ဘိုဘိုကြီးနှင့်နိုနိုကြီးတို့လင်မယား ရှာတွေ့ခဲ့သည့် လိုဏ်ခေါင်းကြီးဟု ဆိုနိုင်ပါသည်။

ဖေဖေတို့ရေလူသားမိသားစုတွင် ညီအစ်ကိုနှစ်ယောက်ရှိရာ လက်ရှိနေ သည့် အိမ်ကို အစ်ကိုကြီးက နေထိုင်ခွင့်ရသွားပြီး နောက်ကျမှ အိမ်ထောင်ပြု သော ဖေဖေသည် နေထိုင်ရန် အိမ်အသစ်ကို ရှာဖွေခဲ့ရခြင်းဖြစ်သည်။ ဖေဖေ အိမ်ထောင်ကျသည့်တွင် ဖေဖေ့အဘိုးလက်ထက်ကတည်းက အိမ်ကျွန်ကြီးအဖြစ် တာဝန်ထမ်းခဲ့သော ဘိုဘိုကြီးကို ဖေဖေနှင့်အတူ ထည့်ပေးလိုက်လေသည်။

ဖေဖေ့ကိုချစ်သော ဘိုဘိုကြီးတို့လင်မယားကလည်း ဖေဖေနှင့်အတူ လိုက်နေ ခဲ့သည်။

ဤလိုဏ်ခေါင်းကြီးသည် ဘိုဘိုကြီးနှင့်နိုနိုကြီးတို့ သမီး ရည်းစားဘဝက ချိန်းတွေ့သည့်နေရာဟု ဆိုလေသည်။ ဘိုဘိုကြီးက ညွှန်ပြ၍ မူရင်းနေရပ်မှ မိုင်သုံးရာကျော် ဝေးသော ဤအရပ်၌ ဖေဖေ အခြေချနေထိုင်ခဲ့ခြင်းဖြစ်ပါသည်။

*

ရေသူမညီအစ်မခုနစ်ဖော်သည် လိုဏ်ဂူအတွင်းသို့ဝင်ခဲ့ကြပြီးနောက် မိမိအခန်းများရှိရာဆီသို့ ကူးခတ်သွားကြလေသည်။

လိုဏ်ခေါင်းကြီးသည် အတွင်းဖက်၌ ကျယ်ပြော၍ မြင့်မားစွာ တည်ရှိနေပေသည်။ လိုဏ်ခေါင်းကြီး၏ နံရံများတွင် သဘာဝ အတိုင်း ဖြစ်ပေါ်နေသော ဂူပေါက်ကလေးများ ရှိလေသည်။ ဂူပေါက်တစ်ခုသည် လူဝင်သာရုံ ကျယ်ပြောပြီး အတွင်း၌ လည်း လူတစ်ယောက် ချောင်ချိစွာနေနိုင်ရန် ကျယ်ဝန်းပါသည်။ ထိုဂူပေါက်ကလေးများသည် ရေသူမညီအစ်မများ၏ ကိုယ်ပိုင်အခန်းများ ဖြစ်ကြပါ၏ ။ အထွေးလေးသည် ဂူနံရံ၏ အမြင့်ဆုံးအပိုင်းတွင်ရှိသော သူမ၏ အခန်းရှိ ရာသို့ ကူးခတ်ခဲ့လေသည်။

လိုဏ်ခေါင်းကြီး၏ မျက်နှာကျက်အပြည့်တွင် အလင်းရောင်ပြန်ရရှိရန် ဂုံးခွံများကို စေးထန်းသောရေညှိဖြင့် နေရာအနှံ့တွင် ကပ်ထားပါ၏ ။ ဂုံးခွံ၏ ငွေရောင်တောက်သော အတွင်းဖက်ပိုင်းကို မျက်နှာစာထား၍ နံရံနှင့်အပြည့် ကပ်ထားခြင်းဖြစ်ပါသည်။ ငွေရောင်ဂုံးခွံများသည် နေ့တွင် နေ့အလင်းကို ရောင်ပြန်စေကာ လိုဏ်ခေါင်းအတွင်း အလင်းရောင်ရရှိစေပါသည်။

ယခုလိုညအချိန်တွင်လည်း လိုဏ်ခေါင်းအတွင်း၌ အလင်းရောင်ရရန် စီစဉ်ထားပြီးဖြစ်သည်။ မီးစုန်းဓာတ်ပါရှိသော ငါးကလေးများကို မွေးမြူထား ခြင်းဖြစ်သည်။ မီးစုန်းဓာတ်ပါသောငါးများ ထွက်မပြေးနိုင်အောင် ကျူရိုးဖြင့် ယက်လုပ်ထားသော ဇကာကွက်ခြင်းတောင်းထဲတွင် ထည့်ထားရသည်။ ထိုခြင်းတောင်းလေးများကို လိုဏ်ခေါင်းကြီး၏ နံရံတစ်လျှောက်တွင် လိုက်ချိတ်ထားသည်။ အလင်းရောင်လည်းရသလို အလှမွေးငါးကလေးများ နံရံတစ်လျှောက် ချိတ်ဆွဲထားပုံမှာ မျက်စိပသာဒ ဖြစ်ရပေသည်။

ယခုလိုညအချိန်တွင် ငါးကလေးများကိုယ်မှထွက်သော မီးစုန်းဓာတ်မှ အလင်းရောင်သည် ဂူကြီးတစ်ခုလုံးကို မြင်သာသည် ထိလင်းထိန်နေပေ၏ ။ မီးစုန်းရောင်များသည် ဂုံးခွံများတွင် ရောင်ပြန်ဟပ်ကာ တလက်လက် တောက်

နေပေသည်။

အထွေးလေးသည် အခန်းထဲသို့မဝင်မီ နံရံတွင်ချိတ်ထားသော မီးစုန်းငါး ၃ ကောင်ပါသည့် ခြင်းတောင်းလေးတစ်ခုကို ဖြုတ်ယူခဲ့သည်။

အထွေးလေး၏ အခန်းသည် လိုဏ်ဂူကြီး၏ အမြင့်ဆုံးအပိုင်းတွင် ရှိလေ၏။ အခန်းဝဂူပေါက်ကို ပင်လယ်ခရုခွံရောင်စုံများအား ရေမှော်ဖြင့် သီထားသည့် ကြိုးကလေးများ တွဲလောင်းချ၍ ကာ ရံထားပေ၏။

အထွေးလေးက ခရုခွံလိုက်ကာကြိုးကလေးများကို လက်ဖြင့်ဖယ်ကာ အခန်းတွင်းသို့ ဝင်လိုက်သည်။

အခန်းထဲ၌ ရေညှိနှင့်ကျောက်ပွင့်များကို ရောနယ်ကာ အချပ်ကြီး တစ်ချပ်ဖြစ်အောင် ပြုပြင်ထားသော မွေ့ရာတစ်ခုရှိပေသည်။ ခေါင်းအုံးအဖြစ် အရွယ်တော်လိပ်ခွံတစ်ခုတွင် ကျောက်ပွင့်များကို ရေညှိဖြင့် စွဲမြဲအောင် ကပ်ထားလေသည်။ အိစက်ညက်ညောသော ကျောက်ပွင့်များကို ခပ်များများ သုံးထားသည့်အတွက် အိပ်စက်ရာတွင် သက်တောင့်သက်သာရှိလှသော ရေလူသားတို့ ၏ အိပ်ရာအခမ်းအနားပင်ဖြစ်ပါ၏။

အထွေးလေးသည် မီးစုန်းငါးခြင်းတောင်းလေးကို ဂူကြမ်းပြင်ပေါ် ချလိုက်သည်။

အိပ်ရာပေါ်လဲလျောင်းကာ အိပ်ရာဘေးမှ ပုလင်းလေးတစ်လုံးကို လှမ်း၍ ယူလိုက်လေသည်။

အထွေးလေးက ပုလင်းလေးကို လက်ထဲတွင်လှည့်ပတ်ကာ ကြည့်နေမိလေသည်။

ဤအရာကို ပုလင်းဟုခေါ်ကြောင်းနှင့် မည်သို့အသုံးပြုသည်ကို အစ်မများ ပြောပြမှ အထွေးလေး သိရလေသည်။

တစ်နေ့တွင် အထွေးလေးသည် လိုဏ်ဂူရှေ့မျက်နှာစာ၌ တစ်ဦးတည်း ကစားနေစဉ် မိုးကောင်းကင်အထက်မှ တလိမ့်လိမ့်နှင့် ကျဆင်းလာသော အရာ တစ်ခုကို သတိပြုမိလေသည်။ ရှည်မျှောမျှောနှင့် လုံးဝန်းသော ဩဇာနိရှိသည့် အရာလေးသည် နေရောင်ခြည်တန်းထဲတွင် လိမ့်ကာလူးကာဖြင့် အထွေးလေး ကစားနေသည့်အနီးသို့ ကျဆင်းလာလေသည်။

အထွေးလေးသည် တဖြည်းဖြည်း နီးလာသောအရာလေးကို လက်နှစ် ဖက်မြှောက်ကာ ခံယူလိုက်သည်။ ထိုအရာလေးသည် အထွေးလေး၏ လက်ဖဝါး နှစ်ဖက်ထဲသို့ တည့်တည့်ပင် ကျဆင်းလာလေသည်။

လက်ထဲသို့ ရောက်လာသောအရာကို ကြည့်လိုက်သော်လည်း မည် သည့် ပစ္စည်းဖြစ်မှန်း အထွေးလေး နားမလည်ချေ။ ဘိုဘိုကြီးကို ပြကြည့် သော်လည်း ဘိုဘိုကြီးလည်း မသိချေ။ အခေါင်းပေါက်ပါသော ညိုမှောင်မှောင် ပြောင်ချောချော ပစ္စည်းကလေးကို ကြည့်၍ အထွေးလေး အံ့သြမိလေသည်။

အထွေးလေးသည် အစ်မများ ပြန်လာသည့်အခါကျမှပင် လက်ထဲတွင် ရရှိထားသည့် ထူးဆန်းသောအရာကိုပြကာ မေးမြန်းရလေသည် အစ်မများက အထွေးလေးလက်ထဲမှ ပုလင်းကိုကြည့်ကာ ရယ်မောကြ လေသည်။ အထွေးလေး၏ မသိနားမလည်မှုအတွက်လည်း ချစ်စနိုးကြည်စယ် ကြလေသည်။

''သဘော်တစ်စီးပေါ်က ကျလာတာဖြစ်မှာပေါ့''

''မှတ်ထား ညီမလေးရဲ့၊ အဲဒါဟာ မြေသားပေါ်က လူသားတွေ ရေထည့်တဲ့ အရာပဲ၊ ပုလင်းလို့ ခေါ်တယ်ကွယ့်''

''ပုလင်း''

''သူတို့ဟာ မမတို့လို ရေထဲမှာနေကြသူတွေ မဟုတ်တော့ သူတို့ ခန္ဓာကိုယ်ထဲကို ရေကိုပါးစပ်ကနေ သောက်သုံးပြီး ထည့်ကြရတယ်။ ရေဟာ သတ္တဝါတွေ အသက်ရှင်သန်ဖို့ လိုအပ်တဲ့အရာ မဟုတ်လား''

''ဟုတ်တယ်လေ၊ ရေမရှိဘဲ ဘယ်လိုအသက်ရှင်မလဲ''

''ဒီပုလင်းလေးကတော့ ရေထည့်တဲ့ပုလင်း ဟုတ်ဟန် မတူဘူး။ သေရည်ထည့်တဲ့ ပုလင်းပဲဖြစ်မယ်ကွယ့်'

အကြီးဆုံးအစ်မကြီးက ပုလင်းလေးကို လှည့်ပတ်ကြည့်ကာ သူမ၏ အထင်အမြင်ကို ပြောလိုက်သည်။

''မှန်တာပေါ့ မမကြီး၊ လူတွေ သေရည်သောက်သုံးနေတာကို သင်္ဘော တစ်စီးပေါ်တက်ပြီး ချောင်းကြည့်တုန်းက ညီမလေး တွေ့ခဲ့ရတယ်''

''သေရည်ဆိုတာ ဘာကိုခေါ်တာလဲ မမတို့ရယ်''

''သေရည်ကို သောက်သုံးရင် လူတွေဟာ မူးယစ်ပြီး ပျော်ရွှင်လာတာ ကို တွေ့ရတယ်။ သီဆိုကခုန်ကြတယ်၊ တစ်ခါတရံလည်း ရန်ခိုက်ဒေါသ ဖြစ်ကြ တယ်။ တကယ်တော့ သေရည်ဆိုတာဟာ မကောင်းတဲ့အရာပါပဲ အထွေးလေး ရယ်''

''ဒါဖြင့် မကောင်းတဲ့အရာတွေကို ဘာလို့သောက်သုံးနေကြတာလဲ မမတို့ရယ်''

''မြေကမ္ဘာပေါ်က လူ့လောကဟာ ရှုပ်ထွေးပွေလီလှတယ်ကွယ့်။ အလုံးစုံကို မမတို့လည်း နားမလည်ဘူး။ မြေလူသားတို့ဘဝဟာ မမတို့ ရေအောက်လူသားများလို အေးချမ်းမှုမရှိတာတော့ အမှန်ပဲ။ သည်တော့ကာ မြေကမ္ဘာပေါ်က လူသားတွေကို စိတ်မဝင်စားချင်ပါနဲ့ အထွေးလေးရယ်''

အစ်မများက ဆိုဆုံးမသော်လည်း အထွေးလေးသည် မြေကမ္ဘာပေါ်သို့ ရောက်လိုစိတ်များ ပို၍ ပင်ပြင်းပြလာရလေ၏ ။ အထွေးလေးအဖို့တော့ ရေထု အပြင်ပမှ ကမ္ဘာမြေကြီးသည် စိတ်ဝင်စားစရာအရာများဖြင့် ပြည့်နှက်နေလိမ့် မည်ဟု မျှော်လင့်မိပေသည်။

လေထုထဲမှ ကမ္ဘာမြေကို တွေ့ချင်မြင်ချင်သောစိတ်များသည် အထွေး

လေးအဖို့ ရှေးကထက် တိုး၍ ပင်လာလေသည်။ အသက် ၁၆ နှစ်ပြည့်ချိန်ကို ရောက်လိုဧာဖြင့် အထွေးလေးသည် လက်ချိုးရေတွက်နေမိလေတော့၏ ။ မမတို့ ကတော့ ကမ္ဘာမြေ၏ ရှုခင်းများကို မြင်ဖူးခဲ့ပြီး၊ လူသားများကိုလည်း တစေ့ တစောင်း အကဲခတ်ခဲ့ပြီးပြီမို့ ရိုးအီလောက်ပေပြီ။

အထွေးလေးသည် ထိုနေ့မှစ၍ ကမ္ဘာမြေပေါ်မှ ပစ္စည်းတစ်ခုဖြစ်သော ပုလင်းလေးကို ကိုင်ကြည့်ကာ ကမ္ဘာမြေကို စိတ်စွဲလမ်းနေလေတော့သည်။

*